ဓမ္မအမေးအဖြေများ

၄။ ဘုရားပန်းလှူခြင်း

# ဘုရားပန်းလှူခြင်း

ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား၊
ဗုဒ္ဓဘာသာကို လေ့လာထားသူ နိုင်ငံခြားသားတစ်ယောက်က မေးပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ ဗုဒ္ဓဆင်းတုတော်ကို ပန်းလှူတာဟာ ဗုဒ္ဓဟောကြားတဲ့ ရှစ်ပါးသီလထဲက ပန်းမပန်ရဆိုတဲ့ သိက္ခာပုဒ်နှင့် မဆန့်ကျင်ဘူးလားတဲ့။ ဗုဒ္ဓကိုယ်တိုင်ကော လှူဒါန်းလာတဲ့ ပန်းကို လက်ခံဖူးပါလသလား သို့မဟုတ် ဗုဒ္ဓက မိမိကို ပန်းလှူခိုင်းပါသလားတဲ့။ တပည့်တော် အနေနဲ့ အဲဒီ နိုင်ငံခြား သားကို အဖြေပေးချင်လို့ ကျေးဇူးပြုပြီး ကျမ်းဂန်နှင့်အညီ ဆရာတော်တို့၏ နှုတ်ထွက်အဖြေကို သိလိုပါသည်ဘုရား။

မောင်ငြိမ်းချမ်း

**ကျမ်းစာအဆို**

"ရဟန်းဂေါတမသည် ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်းတို့ကို ရှောင်ကြဉ်တော်မူ ၏ (ဒီ ၁၊ ၂ စသည်)"။ ဒါကြောင့် ဗုဒ္ဓဟာ ပန်းမပန် နံ့သာ မလိမ်းပါဘူး။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံခါနီးမှာ အရှင်အာနန္ဒာကို "စေတီ၌ ပန်း၊ နံ့သာ၊ နံ့သာမှုန့် (စသည်) ကို တင်လှူပူဇော်သူများအဖို့ ကြာမြင့်စွာ အကျိုးဖြစ်ထွန်း၏ (ဒီ ၂၊ ၁၁၇)"လို့ မိန့်ကြားပါတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓဟာ စေတီမှာ ပန်းနံ့သာ လှူတာကို မတားမြစ်ပါဘူး။

ဒကာဒကာမတွေ လှူဒါန်းတဲ့ ပန်းတွေ၊ နံ့သာရေမွှေး စတာတွေကို မြတ်ဗုဒ္ဓလက်တော်နဲ့ အလှူခံခဲ့ မခံခဲ့ဆိုတာကိုတော့ ကျမ်းဂန် (ပါဠိတော်) နံ့သိ ပညာရှိတို့ ဖြေကြားပါကုန်။

အေဒီ ၅ ရာစုမှာ ရေးတဲ့ အဋ္ဌကထာကျမ်းတွေမှာ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးနောက် အရှင်အာနန္ဒာဟာ မြတ်ဗုဒ္ဓ ကျိန်းစက်တော်မူခဲ့တဲ့ ဂန္ဓကုဋိတိုက် ခန်းထဲက "ခြောက်နေတဲ့ ပန်းမှိုက်တွေကို ရှင်းလင်းတယ် (ဒီ-ဋ္ဌ ၁၊ ၃)"လို့ ဆိုတယ်။ ဒီစာအရဆိုရင် ဘုရားရှင်ဟာ ပန်းနံ့သာကို ကိုယ်ခန္ဓာမှာ အသုံးမပြုပေမဲ့ အနည်းဆုံး ပန်းကလေးမျှလောက်ကိုသာ လှူဒါန်းနိုင်သူများ စိတ်ကြည် လင်ပြီး ကုသိုလ်ပွားနိုင်ဖို့ လှူဒါန်းမှုကို သည်းခံတော်မူတယ်လို့ ဆိုနိုင်အံ့ ထင်ပါတယ်။

**မဇ္ဈိမပဋိပဒါအမြင်**

ရှစ်ပါးသီလထဲက မာလာဂန္ဓသိက္ခာပုဒ်ရဲ့ အနှစ်သာရက ပန်းတွေ ရေမွှေးနံ့ သာတွေနဲ့ မိမိခန္ဓာကိုယ်ကို ခြယ်သပြုပြင် အလှဆင်တာကို ရှောင်ကြဉ်ပြီး ရိုးရှင်းတဲ့ ဘဝတစ်ခုနဲ့ နေ ကြည့်ဖို့ပါ။ ဒါပေမဲ့ သီလစောင့်ရင်းနဲ့ အိမ်ရှေ့က စာပွဲပေါ်မှာ အလှပန်းအိုး တင်မိလို့ ရှစ်ပါးသီလ မကျိုးပေါက်ပါဘူး။ မိုက်ကရိုဖုန်းပေါ်မှာ တွဲလောင်းကျနေတဲ့ စပယ်ပန်းကုံးတွေကြောင့်လဲ တရား ဟောပုဂ္ဂိုလ် အာပတ်မသင့်ပါဘူး။ အလှူ့ရှင်ဟာ ဘုန်းကြီးပန်းပန်ဖို့ လှူတာမှ မဟုတ်ဘဲ။ မိမိကုသိုလ်ရဖို့ လူအပေါင်း မျက်စိပသာဒဖြစ်ဖို့နဲ့ မိမိရဲ့ မေတ္တာစိတ်ထားကို ဖော်ပြဖို့ လှူတာဖြစ်ပါတယ်။ အလှူခံပုဂ္ဂိုလ်ဖက်ကလဲ အလှူ့ရှင်ကို ချီးမြှောက်ရုံ သက်သက်ပါပဲ။ ရဟန်းဟာ ရွှေကို အလှူမခံကောင်းပေမဲ့ သံဃာပိုင် ရွှေကျောင်းကြီးပေါ်မှာ နေရင် အာပတ်မသင့်ဘူး။

ကိုယ်ခန္ဓာ သန့်ရှင်းဖို့ ရည်ရွယ်ပြီး ရဟန်းတော်တွေ၊ ရှစ်ပါးသီလ စောင့်သူတွေ ဆပ်ပြာမွှေးနဲ့ အသားခြောက်တဲ့ ရာသီမှာ ရေချိုးပြီးရင် ယားယံမှု မရှိအောင် Lotion တွေ သုံးသင့်ပါတယ်။

www.kelasa.org

**ဒါနအနှစ်သာရ**

"ဗုဒ္ဓလောင်းလျာတွေဟာ ဗုဒ္ဓဂုဏ်ရည်နဲ့ ကြီးကျယ်ခမ်းနားမှုကိုရဖို့ ပန်းကုံး ပန်းမန်တွေကို လှူဒါန်းတယ်။ အားလုံးရဲ့ ခိုကိုးရာအနေနဲ့ လောကကို အလုပ်အကျွေးပြုဖို့ နေရာ အဆောက်အအုံကို လှူဒါန်းတယ်။ မံစက္ခု၊ ဉာဏစက္ခု၊ အဘိညာဏ် စက္ခု၊ ဗုဒ္ဓစက္ခု၊ သဗ္ဗညုတ ဉာဏ်စက္ခုဆိုတဲ့ စက္ခု (အလင်း) ငါးမျိုးကို ရဖို့ ပဒီပ (အလင်း)ကို လှူဒါန်းတယ်" ဆိုတဲ့ ဒါနပြုပုံနဲ့ ပတ်သက်ပြီး အဋ္ဌကထာ (စရိယာပိဋ္ဌက-ဋ္ဌ၊ ၂၉၆) ဖွင့်ပြချက်ဟာ စိတ်ဝင်စားစရာ ကောင်း ပါတယ်။

အဲဒီလို ရည်ရွယ်ချက်ကလေးတွေထားပြီး ပန်းတတ်နိုင်ရင် ပန်း၊ နံ့သာ တတ်နိုင်ရင် နံ့သာ၊ ကျောက်သံပတ္တမြား တတ်နိုင်ရင် ကျောက်သံ ပတ္တမြားတွေနဲ့ ဓာတု၊ ဓမ္မ၊ ဥဒ္ဒိဿ၊ ပရိဘောဂဆိုတဲ့ စေတီလေးမျိုး တစ်မျိုးမျိုးမှာ ပူဇော်တာဟာ လောကုတ္တရာရတနာကို လောကီရတနာနဲ့ ပူဇော်တာဖြစ်လို့ ဗုဒ္ဓမမနဲ့ မဆန့်ကျင်ပါဘူး။ ❒